ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

4.5.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၂) ဦး	(၂) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

နေပြည်တော်

မေလ(၃)ရက်နေ့ည(၇:၁၅)နာရီခန့်တွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဘူတာသွားလမ်း၊ ကလေးအရိုးအကြော အထူးကုဆေးရုံအနီး မီးပွိုင့်ထောင့်ရှိ ရဲအင်အား(၁၀)ဦးခန့် ရဲကင်းဂိတ်ကို စစ်တောင်းမြို့ပြပြောက်ကျားတပ်ဖွဲ့နှင့်ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကာကွယ်ရေး အဖွဲ့ ပူးပေါင်း၍ ဗုံး၊ လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ရဲဘက်မှ ပြန်လည်ပစ်ခတ်မှုရှိပြီး ရဲတပ်သား (၂)ဦး သေဆုံးပြီး (၂)ထိခိုက်ဒဏ်ရာရရှိကာ မိမိတို့အထိအခိုက်မရှိ ဆုတ်ခွာနိုင်ခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

မေလ(၄)ရက်နေ့မနက်(၅)နာရီခန့်တွင်ကာမိုင်းမြို့နယ်၊ကာမိုင်းဗျူဟာကုန်းမှဆင်းလာသည့် အင်အား(၁၀၀)ဦး ခန့်ပါ ရန်သူ့စစ်ကြောင်းက ဖားကန့်ဘက်သို့ထွက်ခွာစဉ် မလန်းလယ်ကွင်း နေရာသို့ အရောက်တွင် အရပ်သား ပြည်သူ (၄)ဦးခန့်ကိုဖမ်းဆီးခဲ့ပြီး မလန်းလယ်ကွက်ထိပ်ရှိ ဥရုမေတ္တာနာရေးကူညီမှုရုံးတွင် တပ်စွဲနေကြောင်း သိရသည်။

မန္တလေးတိုင်း

မေလ(၄)ရက်နေ့မနက်(၅)နာရီခန့်တွင် စဉ့်ကူးမြို့နယ်၊ ကြက်တူရွေးရွာတွင် ရောက်ရှိနေသည့် ရန်သူ့ အင်အား(၁၀၀)ခန့်က ကြက်တူရွေးရွာကို မီးရှို့ဖျက်ဆီးနေကြောင်း သိရသည်။